Australian Government
Department of Social Services



# လိင်ပိုင်းဆိုင်ရာ ကိုယ်ထိလက်ရောက် ကျူးလွန်မှု

## ဩစတြေးလျတွင် မည်သူ့ကိုမဆို လိင်ပိုင်းဆိုင်ရာ ကိုယ်ထိလက်ရောက် ကျူးလွန်မှုသည် ဥပ ဥပဒေနှင့် ဆန့်ကျင်သည်။

လိင်ပိုင်းဆိုင်ရာ ကိုယ်ထိလက်ရောက် ကျူးလွန်သူတစ်ယောက်သည် ယောကျာ်းဖြစ်စေ၊ မိန်းမဖြစ်စေ ထောင်ကျနိုင်သည်။

သင် သို့မဟုတ် သင်သိသောသူ တစ်ယောက်ယောက်သည် အန္တရာယ် ကျရောက်နေပါက ရဲတပ်ဖွဲ့ကို **000** ဖြင့် ဖုန်းဆက်ပါ။

ဩစတြေးလျမှ ရဲတပ်ဖွဲ့သည် စိတ်ချရပြီး ယုံကြည်အားထားနိုင်ပါသည်။

အခမဲ့၊ လျှို့ဝှက်စွာ တိုင်ပင်ဆွေးနွေးမှုနှင့် အချက်အလက်အတွက် 1800RESPECT ကို **1800 737 732** ဖြင့် ဖုန်းဆက်ပါ။

သင် အခမဲ့ စကားပြန်တစ်ယောက်လိုအပ်ပါက **131 450** ကို ဖုန်းဆက်ပါ။

## ဩစတြေးလျ အစိုးရ(Australian Government) သည် မည်သည့် အခြေအနေတွင်မဆို လိင်ပိုင်းဆိုင်ရာ ကိုယ်ထိလက်ရောက် ကျူးလွန်မှုကို သည်းမခံပါ။

လိင်ပိုင်းဆိုင်ရာ ကိုယ်ထိလက်ရောက် ကျူးလွန်မှုကို နောက်ပုဂ္ဂိုလ်တစ်ယောက်ထံသို့ ၎င်း၏ သဘောတူညီချက်မပါဘဲ ဦးတည်သည်။ ကြင်ဖက်၊ ဇနီး/ခင်ပွန်း သို့မဟုတ် မိသားစုဝင်တစ်ယောက်၏ လိင်ပိုင်းဆိုင်ရာ ကိုယ်ထိလက်ရောက် ကျူးလွန်မှုသည်လည်း ဥပ ဥပဒေနှင့် ဆန့်ကျင်သည်။

လိင်ပိုင်းဆိုင်ရာ ကိုယ်ထိလက်ရောက် ကျူးလွန်မှုတွင်

- မည်သူ့ကိုမဆို လိင်ဆက်ဆံရန် သို့မဟုတ် လိင်ပိုင်းဆိုင်ရာ လုပ်ရပ်များ လုပ်ဆောင်ရန် အတင်းအဓမ္မ ခိုင်းစေခြင်း၊
- မည်သူ့ကိုမဆို အပြာစာအုပ်၊ အပြာရုပ်ရှင်ကြည့်ရန် အတင်းအဓမ္မ ခိုင်းစေခြင်း သို့မဟုတ်
- ကလေးတစ်ယောက်နှင့် လိင်ဆက်ဆံခြင်း သို့မဟုတ် ကလေးနှင့်လိင်ပိုင်းဆိုင်ရာ လုပ်ရပ်များ လုပ်ဆောင်ခြင်းတို့ ပါဝင်သည်။

## အမျိုးသမီးများတွင် အမျိုးသားကဲ့သို့ပင် တူညီသော အခွင့်အရေးရှိသည်။

ဩစတြေးလျတွင် ဥပဒေသည် အမျိုးသမီးနှင့် အမျိုးသားများကို တန်းတူ ဆက်ဆံသည်။

လူတိုင်းတွင် ၎င်းတို့၏ မိသားစုများ၊ မိတ်ဆွေများနှင့် ချစ်ခင်ရသူများနှင့် အပြ
အပြုသဘောဆောင်ပြီး ဘေးအန္တရာယ်ကင်းရှင်းသည့် ဆက်ဆံရေးများ တွေ့ကြုံခံစားရန် အခ
အခွင့်အရေးရှိသည်။ အကြမ်းဖက်ခြင်းသည် မည်သည့်အခါမျှ မကောင်းပါ။ ဆိုးရွားစွာ ပြုမူဆက်ဆံ ခံရခြင်း သို့မဟုတ် ထိ
ထိခိုက်နစ်နာအောင် ပြုလုပ်ခံရခြင်းကို မည်သူမျှ ခွင့်မပြုသင့်ပေ။

## ကူညီနိုင်သော ယဉ်ကျေးမှုအရ စာနာတတ်သည့် ဝန်ဆောင်မှုများ ဩစတြေးလျတွင် ရှိသည်။

**1800RESPECT** သည် ဩစတြေးလျ နိုင်ငံလုံးဆိုင်ရာ လိင်ပိုင်းဆိုင်ရာ ကျူးလွန်မှု၊ မိသားစုတွင်းနှင့် အိ
အိမ်တွင်း အကြမ်းဖက်မှု တိုင်ပင် ဆွေးနွေး ရေး ဝန်ဆောင်မှုဌာန (Australia's national sexual assault, family and domestic violence counselling service) ဖြစ်သည်။ ၎င်းသည် အခမဲ့၊ လျှို့ဝှက်
တယ်လီဖုန်းနှင့် အွန်လိုင်း တိုင်ပင်ဆွေးနွေးမှုနှင့် အချက်အလက်များကို ပေးအပ်သည်။ အကြံပေးများသည် သ
သင် ပြောပြသည်ကို နားထောင်ပြီး မေးခွန်းများကို ဖြေကြားကာ သင့် ဒေသဆိုင်ရာ ဇရိယာအတွင်းရှိ အခြား ထေ
ထောက်ကူပံ့ပိုးရေး ဝန်ဆောင်မှုများသို့ သင့်အား လွှဲပြောင်းပေးနိုင်သည်။

**1800 737 732** ကို ဖုန်းဆက်ပါ သို့မဟုတ် **1800RESPECT** ဝက်ဘ်ဆိုက် ကို **www.1800RESPECT.org.au** တွင် ဝင်ရောက်ကြည့်ရှုပါ။

## သင် စကားပြန်တစ်ယောက် လိုအပ်ပါသလား။

ဘာသာပြန်နှင့် စကားပြန် ဝန်ဆောင်မှု(Translating and Interpreting Service) (TIS) ကို 131 450 ဖြင့် အခမဲ့ ဖုန်းဆက်ပါ။ သင သင် အခြားဝန်ဆောင်မှုများနှင့် ဆက်သွယ်ရန် TIS မှ စကားပြန်တစ်ယောက်က သင့်အား ကူညီနိုင်ပါသည်။ သို့ရာတွင် TIS သည် တိုင်ပင်ဆွေးနွေးခြင်းကို မပေးအပ်ပါ။ ဤခေါ်ဆိုမှုများအားလုံးသည် အခမဲ့ဖြစ်ပြီး လျှို့ဝှက်ဖြစ်ပါသည်။